၁။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ် ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို Future Engineering and Gold, Mining Co.,Ltd အား အောက်ပါဇယားတွင် ဖော်ပြထားသည့် နယ်မြေသတ်မှတ်ချက်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့ရက်မှစ၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်-

**ကုန်းတွင်းလုပ်ကွက် IOR-7 (ရွှေပြည်သာဒေသ) ဧရိယာ-၂**

| ပွိုင့်အမှတ် | လတ္တီတွဒ် | လောင်ဂျီတွဒ် |
|---|---|---|
| ၁ | ၁၈° ၀၄' ၃၉.၄၀" | ၉၅° ၁၈' ၄၂.၂၆" |
| ၂ | ၁၈° ၀၅' ၄၃.၃၆" | ၉၅° ၂၀' ၁၂.၁၃" |
| ၃ | ၁၈° ၀၃' ၀၉.၉၆" | ၉၅° ၂၂' ၀၄.၄၁" |
| ၄ | ၁၈° ၀၂' ၁၀.၇၄" | ၉၅° ၂၀' ၃၁.၈၂" |

၂။ အပိုဒ် ၁ ပါ လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် Future Engineering and Gold, Mining Co.,Ltd သည် တည်ဆဲဥပဒေများ၊ စွမ်းအင်ဝန်ကြီးဌာနနှင့်ချုပ်ဆိုထားသည့် တိုးတက်ထွက်ရှိလာသော ရေနံထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

၃။ Future Engineering and Gold, Mining Co.,Ltd အား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော အပိုဒ် ၁ ပါ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် စွမ်းအင်ဝန်ကြီးဌာနကို လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၄၄၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာနယ်ပယ်တွင် အဂတိကင်းရှင်းစွာဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထု၏လိုအပ်ချက်များ ပိုမိုပြည့်စုံကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်လျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) (Corruption Prevention Unit) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ထောက်ပံ့/လေ့ကျင့်)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ဒုတိယအဖွဲ့ခေါင်းဆောင် |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (တရားစီရင်ရေး)<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>ပြစ်မှုတရားစီရင်ရေးဌာန<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>တရားမတရားစီရင်ရေးဌာန<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာန<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |

(ဇ) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

(ဈ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
စီမံရေးရာဌာန
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

(ည) ဒုတိယညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လာဘ်ပေးလာဘ်ယူမှုနှင့်သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများကို လေ့လာစိစစ်ဖော်ထုတ်ရန်၊

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အခါအားလျော်စွာထုတ်ပြန်သည့် အဂတိလိုက်စားမှုနှင့်သက်ဆိုင်သော ညွှန်ကြားချက်များကို ဝန်ထမ်းအားလုံး သိရှိလိုက်နာနိုင်ရေး ပညာပေးဆောင်ရွက်ရန်၊

(ဂ) လာဘ်ပေးလာဘ်ယူမှု တားဆီးကာကွယ်ရာတွင် လိုအပ်ပါက ဌာနတွင်း ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ရေး သုံးသပ်အကြံပြုရန်၊

(ဃ) အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုနှင့်စပ်လျဉ်း၍ လာဘ်ပေးလာဘ်ယူမှုပြုနိုင်စေရန် အခွင့်သာစေသည့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေးစိစစ်တင်ပြရန်၊

(င) အဂတိလိုက်စားမှုနှင့်ပတ်သက်၍ တိုင်ကြားလာပါက ပြည်ထောင်စုတရားသူကြီးချုပ်ထံတင်ပြ၍ လမ်းညွှန်ချက်နှင့်အညီ အရေးယူဆောင်ရွက်သွားရန်။

၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) သည် အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်း၊ အဂတိလိုက်စားမှု ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ စစ်ဆေးအရေးယူဆောင်ရွက်နိုင်ရန် အစီရင်ခံတင်ပြခြင်းအားဖြင့် လုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီ ထိရောက်လျင်မြန်စွာ ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်သည်။

၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၃၃/၂၀၂၃ ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်)

**ကိုယ်ရေးအရာရှိခန့်ထားခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုး ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ ဦးခင်မောင်ကြိုင် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၈/ မကန (နိုင်) ၀၀၃၈၁၅] ကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့် ပြုလိုက်သည်။

ကိုကို

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်)

**မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ ဖွဲ့စည်းခြင်း**

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ **မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ် ကွပ်ကဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>မကွေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီးမန်နေဂျာ<br>မကွေးတိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီးဦးစီးမှူး<br>မကွေးတိုင်းဒေသကြီးပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ကိုယ်စားလှယ်<br>အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၆) | ကိုယ်စားလှယ်<br>အနောက်မြောက်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီးဦးစီးမှူး<br>မကွေးတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးအထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီးဥပဒေအရာရှိ<br>မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီးဦးစီးမှူး<br>မကွေးတိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီးဦးစီးမှူး<br>မကွေးတိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | တိုင်းဒေသကြီးဦးစီးမှူး<br>မကွေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (၁၅) | ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်)<br>မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၅)

## မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ ဖွဲ့စည်းခြင်း

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ **မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |

(၄) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

(၅) ကိုယ်စားလှယ် — အဖွဲ့ဝင်
အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်

(၆) တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးအထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၈) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန

(၉) တိုင်းဒေသကြီးဥပဒေအရာရှိ — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး

(၁၀) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၁) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(၁၂) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန

(၁၃) တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး — အတွင်းရေးမှူး
မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၁၄) ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်) — တွဲဖက်အတွင်းရေးမှူး
မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၅)

## မွန်ပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ ဖွဲ့စည်းခြင်း

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ **မွန်ပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — ဥက္ကဋ္ဌ
မွန်ပြည်နယ်အစိုးရအဖွဲ့

(၂) ပြည်နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၃) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မွန်ပြည်နယ်မြန်မာ့ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

(၄) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
မွန်ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

(၅) ကိုယ်စားလှယ် — အဖွဲ့ဝင်
အရှေ့တောင်တိုင်းစစ်ဌာနချုပ်

(၆) ပြည်နယ်အခွန်ဦးစီးဌာနမှူး — အဖွဲ့ဝင်
မွန်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မွန်ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၈) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မွန်ပြည်နယ်မီးသတ်ဦးစီးဌာန

(၉) ပြည်နယ်ဥပဒေအရာရှိ — အဖွဲ့ဝင်
မွန်ပြည်နယ်ဥပဒေချုပ်ရုံး

(၁၀) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
မွန်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၁) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
မွန်ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(၁၂) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန

(၁၃) ပြည်နယ်ရဲတပ်ဖွဲ့မှူး — အတွင်းရေးမှူး
မွန်ပြည်နယ်ရဲတပ်ဖွဲ့

(၁၄) ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်) — တွဲဖက်အတွင်းရေးမှူး
မွန်ပြည်နယ်ရဲတပ်ဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၅)

## ရခိုင်ပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ ဖွဲ့စည်းခြင်း

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ **ရခိုင်ပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — ဥက္ကဋ္ဌ
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

| | | |
|---|---|---|
| (၂) | ပြည်နယ်အုပ်ချုပ်ရေးမှူး<br>ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်နယ်မန်နေဂျာ<br>ရခိုင်ပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၄) | ပြည်နယ်ဦးစီးမှူး<br>ရခိုင်ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ကိုယ်စားလှယ်<br>အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၆) | ပြည်နယ်အခွန်ဦးစီးဌာနမှူး<br>ရခိုင်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူး<br>ရခိုင်ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး<br>ရခိုင်ပြည်နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်နယ်ဥပဒေအရာရှိ<br>ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၀) | ပြည်နယ်ဦးစီးမှူး<br>ရခိုင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ပြည်နယ်ဦးစီးမှူး<br>ရခိုင်ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ပြည်နယ်ဦးစီးမှူး<br>ရခိုင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (၁၄) | ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်)<br>ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

ဥက္ကဋ္ဌ

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု

ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ငြိမ်းချမ်းရေးဖိုရမ် (Peace Forum 2025) ကျင်းပရေးဦးစီးကော်မတီ**

**အမိန့်အမှတ် (၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်)

**ငြိမ်းချမ်းရေးဖိုရမ် (Peace Forum 2025) ကျင်းပရေး လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း**

၁။　၂၀၂၅ ခုနှစ် ဇွန်လအတွင်း ငြိမ်းချမ်းရေးဖိုရမ် (Peace Forum 2025) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီကို အထောက်အကူပြုဆောင်ရွက်ရန် အောက်ပါလုပ်ငန်းအဖွဲ့များကို ဖော်ပြပါလုပ်ငန်းတာဝန်များအလိုက် ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည်-

(က)　**အခမ်းအနားပြင်ဆင်ရေးနှင့် ကျင်းပရေးလုပ်ငန်းအဖွဲ့**

| | | |
|---|---|---|
| (၁) | ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်<br>အတွင်းရေးမှူး<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်<br>ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ | ဥက္ကဋ္ဌ |
| (၂) | ဗိုလ်မှူးကြီး ဝဏ္ဏအောင်<br>အဖွဲ့ဝင်<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်<br>ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ | အဖွဲ့ဝင် |
| (၃) | ဦးမင်းညိုဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄) | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးအောင်မျိုး<br>ညွှန်ကြားရေးမှူး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄) | အဖွဲ့ဝင် |
| (၆) | ဦးဖြိုးကျော်သူ<br>ညွှန်ကြားရေးမှူး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄) | အဖွဲ့ဝင် |
| (၇) | ဦးနေဟိန်း<br>ညွှန်ကြားရေးမှူး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄) | အဖွဲ့ဝင် |

(၈) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(၉) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(၁၀) ဦးအောင်ကျော်မိုး အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

( ခ ) **အခမ်းအနားပြင်ဆင်ရေးနှင့် ကျင်းပရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနား နေရာချထားမှု Seating Plan ရေးဆွဲရန်၊

(၂) အခမ်းအနား ကျင်းပမည့်နေရာနှင့် နားနေခန်းများတွင် ထိုင်ခုံများ ခင်းကျင်းပေးရန်၊

(၃) လိုအပ်ပါက အခမ်းအနား ဖျော်ဖြေရေးအစီအစဉ်အတွက် ပေါင်းစပ်ဆောင်ရွက်ပေးရန်၊

(၄) မှတ်တမ်းဓာတ်ပုံရိုက်ကူးရေးအတွက် ထိုင်ခုံနေရာချထားမှုပုံစံ ရေးဆွဲအတည်ပြုရန်နှင့် သတ်မှတ်နေရာတွင် ထိုင်ခုံနေရာများ ခင်းကျင်းနိုင်ရေး ကြိုတင်စီစဉ်ထားရန်၊

(၅) လိုအပ်သည့် ရုပ်သံစနစ်များ ပြင်ဆင်ဆောင်ရွက်ရန်၊

(၆) လိုအပ်သည့်နေရာများတွင် LED Board များဖြင့် တပ်ဆင်ပြသနိုင်ရေး ဆောင်ရွက်ရန်၊

(၇) လျှပ်စစ်မီးမပြတ်တောက်စေရေး စီစဉ်ထားရှိရန်၊

(၈) Recording မှတ်တမ်းခွေရရှိရေး ဆောင်ရွက်ထားရန်၊

(၉) စကားပြောစင်၊ စားပွဲနှင့် လိုအပ်သည့်နေရာများတွင် ပန်းအလှဆင်ဆောင်ရွက်ရန်၊

(၁၀) လိုအပ်ပါက လှူဆော်ရေးပိုစတာများ စိုက်ထူနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်၊

(၁၁) အခမ်းအနားကျင်းပမည့်ခန်းမနှင့် ကျွေးမွေးဧည့်ခံမည့် ခန်းမများအတွင်း ထိုင်ခုံနေရာပြ လမ်းညွှန်ဆိုင်းဘုတ်များကို လျှောက်လမ်းများတွင် မြင်သာအောင်ထားရှိသွားရန်၊

(၁၂) အခမ်းအနားသို့ တက်ရောက်သည့်ပုဂ္ဂိုလ်များ၏ တက်ရောက်မှုမှတ်တမ်း (Attendance Registration) (အမည်၊ ရာထူး၊ ဌာန/ အဖွဲ့အစည်း၊ အစုအဖွဲ့၊ ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ၊ ကျား/ မ၊ နေရပ်လိပ်စာ၊ လက်မှတ်) ကို ရယူရန်၊

(၁၃) အခမ်းအနားမှူးများ ရွေးချယ်တာဝန်ပေးအပ်ရန်၊

(၁၄) အခမ်းအနား အစီအစဉ်များပြုစုရန်နှင့် အချိန်မီထုတ်ပြန်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(၁၅) ကြိုဆိုနေရာချထားရေးလုပ်ငန်းအဖွဲ့နှင့် တည်းခိုရေး၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းအဖွဲ့တို့မှ တင်ပြလာသည့် နေရာခင်းကျင်းမှုအစီအစဉ် Seating Plan များကို အတည်ပြုချက်ရယူပေးရန်၊

(၁၆) မူလသတ်မှတ်ထားသော လုပ်ငန်းအကြောင်းအရာများမှ အပြောင်းအလဲများ ပေါ်ပေါက်လာပါက သက်ဆိုင်သောအဖွဲ့များသို့ အချိန်မီအသိပေးဆောင်ရွက်ရန်၊

(၁၇) ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများ၊ သတ်မှတ်ချက်များကို ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(၁၈) အခမ်းအနားတက်ရောက်မည့် ပုဂ္ဂိုလ်များအတွက် ခရီးစရိတ်များကို ထုတ်ပေးနိုင်ရေးနှင့် လိုအပ်သည့် ကြိုတင်ငွေထုတ်ယူနိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(၁၉) လုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ အချိန်မီပြီးစီးနိုင်ရေး လိုအပ်သည့်ပေါင်းစပ်ညှိနှိုင်းမှုများဆောင်ရွက်ရန်နှင့် လိုအပ်သလိုညှိနှိုင်းအစည်းအဝေးများကို ခေါ်ယူကျင်းပရန်၊

(၂၀) အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်နိုင်ရေး ဦးစီးကော်မတီ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ရန်၊

(၂၁) အခမ်းအနားကျင်းပရေးဦးစီးကော်မတီ၏ အစည်းအဝေးမှတ်တမ်းများ ပြုစုဖြန့်ဝေရန်။

(ဂ) **ဆွေးနွေးပွဲကျင်းပရေး လုပ်ငန်းအဖွဲ့ (၁)**

(၁) ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် — ဥက္ကဋ္ဌ
အတွင်းရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်
ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ

(၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင် — အဖွဲ့ဝင်
အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်
ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ

(၃) ဦးမင်းညိုဝင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(၄) ဦးဖြိုးကျော်သူ — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(ဃ) **ဆွေးနွေးပွဲကျင်းပရေး လုပ်ငန်းအဖွဲ့ (၁) ၏ လုပ်ငန်းတာဝန်များ**

(၁) ဖိုရမ်တက်ရောက်သူများ ခန်းမအတွင်း အချိန်မီရောက်ရှိရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၂) ဆွေးနွေးပွဲအတွင်း သဘာပတိများ၊ Keynote Speaker များနှင့် Panelist များ၏ လိုအပ်ချက်များအား ပံ့ပိုးကူညီပေးရန်၊

(၃) အခမ်းအနားတွင် ဆောင်ရွက်မည့်အစီအစဉ်အလိုက် ပြသရမည့်စာတမ်းများ၊ Power Point များအား ပြည့်စုံမှုရှိစေရေး အချိန်မီတောင်းခံ ဆောင်ရွက်ရန်၊

(၄) စာတမ်းများ၊ Power Point များ ပြသရာတွင် စာလုံးပေါင်းမှန်ကန်မှုရှိစေရေး၊ Format မှန်ကန်မှုရှိစေရေး စစ်ဆေးဆောင်ရွက်ရမည်၊

(၅) ဆွေးနွေးချက် အနှစ်ချုပ်ပြုစုရန်။

(င) **ဆွေးနွေးပွဲကျင်းပရေး လုပ်ငန်းအဖွဲ့ (၂)**

(၁) ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် (ငြိမ်း) — ဥက္ကဋ္ဌ
အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်
ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ

(၂) ဦးအောင်ကျော်မိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(၃) ဦးနေဟိန်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(စ) **ဆွေးနွေးပွဲကျင်းပရေး လုပ်ငန်းအဖွဲ့ (၂) ၏ လုပ်ငန်းတာဝန်များ**

(၁) ဖိတ်ကြားလက်ခံထားသူများ ခန်းမအတွင်း အချိန်မီရောက်ရှိရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၂) ဆွေးနွေးပွဲအတွင်း သဘာပတိများ၊ Keynote Speaker များနှင့် Panelist များ၏ လိုအပ်ချက်များအား ပံ့ပိုးကူညီပေးရန်၊

(၃) အခမ်းအနားတွင် ဆောင်ရွက်မည့်အစီအစဉ်အလိုက် ပြသရမည့်စာတမ်းများ၊ Power Point များအား ပြည့်စုံမှုရှိစေရေး အချိန်မီတောင်းခံ ဆောင်ရွက်ရန်၊

(၄) စာတမ်းများ၊ Power Point များပြသရာတွင် စာလုံးပေါင်းမှန်ကန်မှုရှိစေရေး၊ Format မှန်ကန်မှုရှိစေရေး စစ်ဆေးဆောင်ရွက်ရန်၊

(၅) ဆွေးနွေးချက် အနှစ်ချုပ်ပြုစုရန်။

(ဆ) **ဖိတ်ကြားရေးလုပ်ငန်းအဖွဲ့**

(၁) ဦးအောင်ကျော်ဦး — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(၂) ဦးကျော်ကျော်ထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၃) ဦးအေးကြွယ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၅) ဦးရဲမင်းထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(၆) ဦးမင်းညိုဝင်း — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

( ဧ ) **ဖိတ်ကြားရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားသို့ ဖိတ်ကြားမည့်ပုဂ္ဂိုလ်များ၊ ပြည်ပ Think Tank ပညာရှင်များ၊ နိုင်ငံခြားသံတမန်များ၊ INGO/ NGO များ၏ အမည်စာရင်းပြုစုရန်၊

(၂) အခမ်းအနားတက်ရောက်မည့်ပုဂ္ဂိုလ်များ တည်းခိုမည့်နေရာအသီးသီးသို့ အခမ်းအနားကျင်းပမည့် ရက်မတိုင်မီ ၁ ရက် ကြိုတင်ရောက်ရှိရေး ဖိတ်ကြားဆောင်ရွက်ရန်၊

(၃) နိုင်ငံခြားသံတမန်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဖိတ်ကြားမည့်သူများအား နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ယူဖိတ်ကြားရန်၊

(၄) ပြည်ပ Think Tank ပညာရှင်များအား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူဖိတ်ကြားရန်၊

(၅) INGO/ NGO များအား ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ယူဖိတ်ကြားရန်၊

(၆) ဖိတ်ကြားစာများပြုလုပ်ရာတွင် စာသား၊ ဒီဇိုင်း၊ အရောင်၊ အရွယ်အစားများကို အတည်ပြုချက် ရယူရန်၊ ရိုက်နှိပ်ရန်နှင့် အချိန်မီဖိတ်ကြားရန်၊

(၇) ဖိတ်ကြားစာနှင့်အတူ လုံခြုံရေးအမှတ်အသားပါသောလည်ဆွဲကတ်ပြားများ၊ ယာဉ်ဝင်ခွင့်ကတ်များ အချိန်မီထုတ်ပေးနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ရန်။

( ဈ ) **ကြိုဆိုနေရာချထားရေးလုပ်ငန်းအဖွဲ့**

(၁) ဦးကျော်ကျော်ထွန်း — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(၄) ဦးအောင်မျိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(၅) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(၆) ဦးဇော်မြတ်ဝင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(၇) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ည) **ကြိုဆိုနေရာချထားရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနား တက်ရောက်မည့်ပုဂ္ဂိုလ်များ တည်းခိုမည့်ဟိုတယ်များတွင် အစုအဖွဲ့အလိုက် နေရာချထားမည့် အစီအစဉ်ရေးဆွဲရန်နှင့် သတ်မှတ်ချက်အတိုင်း နေရာချထားရန်၊

(၂) နိုင်ငံခြားသံတမန်များ ကြိုဆိုနေရာချထားရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူရန်၊

(၃) ပြည်ပ Think Tank ပညာရှင်များ ကြိုဆိုနေရာချထားရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူရန်၊

(၄) INGO/ NGO များအား ကြိုဆိုနေရာချထားရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူရန်၊

(၅) ဆက်ဆံရေးအရာရှိများ တွဲဖက်ထားရှိရန်နှင့် တာဝန်ကျသည့်နေရာအလိုက် ဆက်ဆံရေးအရာရှိများ၏ အမည်စာရင်း၊ ဖုန်းနံပါတ်များကို ကြိုတင်ဖြန့်ဝေရန်၊

(၆) လေယာဉ်ဖြင့် လာရောက်မည့် ပုဂ္ဂိုလ်များအား နေပြည်တော်လေဆိပ်တွင် ကြိုဆိုရန်နှင့် ကြိုဆိုပို့ဆောင်ရေးအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၇) အခမ်းအနားသို့ တက်ရောက်မည့်ပုဂ္ဂိုလ်များ ခန်းမတွင်း နေရာချထားနိုင်ရေးအတွက် အခမ်းအနားပြင်ဆင်ရေးနှင့် ကျင်းပရေးလုပ်ငန်းအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။

( ဋ ) **သယ်ယူပို့ဆောင်ရေးလုပ်ငန်းအဖွဲ့**

(၁) ဦးသင့်မြတ်သူ — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဦးအောင်မျိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(၃) ဦးတင်မိုးဝင်း　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဇဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၄) တပ်ဖွဲ့မှူး　အဖွဲ့ဝင်
ယာဉ်ထိန်းရဲတပ်ဖွဲ့

(၅) ဦးကျော်ကျော်　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(၆) ညွှန်ကြားရေးမှူး　အတွင်းရေးမှူး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( ဠ ) **သယ်ယူပို့ဆောင်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနား တက်ရောက်မည့် ကိုယ်စားလှယ်များအား တည်းခိုရာနေရာများမှ အခမ်းအနားကျင်းပရာ ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် အသွား/အပြန် ကြိုဆိုပို့ဆောင်ရန်၊ ရှေ့ပြေးယာဉ်/ယာဉ်ထိန်းဆိုင်ကယ်များ ရရှိရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၂) လေယာဉ်ဖြင့် လာရောက်မည့် ပုဂ္ဂိုလ်များအတွက် နေပြည်တော်လေဆိပ်နှင့် တည်းခိုရာနေရာသို့ အသွား/အပြန်ပို့ဆောင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်၊

(၃) အသုံးပြုမည့် မော်တော်ယာဉ်စာရင်းပြုစု၍ ကျင်းပရေးဦးစီးကော်မတီထံ တင်ပြရန်၊

(၄) လိုအပ်ပါက လုပ်ငန်းအဖွဲ့အသီးသီးအတွက် အုပ်ချုပ်မှုအထောက်အကူပြုမော်တော်ယာဉ်များ စီစဉ်ပေးရန်၊

(၅) သုံးစွဲကုန်ကျမည့် စက်သုံးဆီများနှင့်ပတ်သက်၍ မူဝါဒရယူဆောင်ရွက်ရန်။

( ဍ ) **တည်းခိုရေးနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းအဖွဲ့**

(၁) ဦးမောင်မောင်ကျော်　ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၄) ဦးအောင်မျိုး　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(၅) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(၆) ဦးညီညီလွင် အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

( ၿ ) **တည်းခိုရေးနှင့် ညည့်ခံကျွေးမွေးရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) ကျွေးမွေးမည့်အစားအသောက် (Menu) များနှင့် ကုန်ကျစရိတ်များ တွက်ချက်တင်ပြအတည်ပြုချက် ရယူရန်၊

(၂) အခမ်းအနား တက်ရောက်မည့် အင်အားစာရင်းကို ဖိတ်ကြားရေးလုပ်ငန်းအဖွဲ့ထံမှ ရယူ ဆောင်ရွက်ရန်၊

(၃) နေ့လယ်စာကျွေးမွေးနိုင်ရေးအတွက် Seating Plan ရေးဆွဲပြီး နေရာချထားဆောင်ရွက်ရန်၊

(၄) အခမ်းအနားတက်ရောက်မည့် ပုဂ္ဂိုလ်များ၊ အထောက်အကူပြု ရုံးအဖွဲ့များ၊ မီဒီယာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လုံခြုံရေး/ ယာဉ်မောင်း ဝန်ထမ်းများအတွက် နေ့လယ်စာ(Lunch) ကို သတ်မှတ်နေရာများတွင် စားသုံးနိုင်ရေးစီမံဆောင်ရွက်ပေးရန်၊

(၅) အခမ်းအနားကျင်းပရေးအတွက် အထောက်အကူပြု ဆောင်ရွက်ရသည့် ရုံးဝန်ထမ်းများ (စားသောက်ရေး စီစဉ်ပေးထားသည့် အထောက်အကူပြု ရုံးအဖွဲ့များမပါ) အတွက် ကျွေးမွေးရေး စီမံဆောင်ရွက်ပေးရန်၊

(၆) အရေးကြီးပုဂ္ဂိုလ်များ ကျွေးမွေးဧည့်ခံမည့်ခန်းမအတွင်း အစားအသောက်များ သန့်ရှင်းလတ်ဆတ်မှု ရှိစေရေး၊ အချိန်မီကျွေးမွေးဧည့်ခံနိုင်ရေး သက်ဆိုင်ရာဟိုတယ်နှင့်ချိတ်ဆက်၍ ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ရန်၊

(၇) အစားအသောက်များကို Food Test ပြုလုပ်ရေး ကျန်းမာရေးလုပ်ငန်းအဖွဲ့နှင့် ပေါင်းစပ် ဆောင်ရွက်ရန်။

(ဏ) **လုံခြုံရေးလုပ်ငန်းအဖွဲ့**

(၁) ရဲမှူးချုပ် ကြည်လင်း ဥက္ကဋ္ဌ
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၃) ဦးရဲမင်းထွန်း အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(၄) ဒုတိယဗိုလ်မှူးကြီး နေမင်းဦး — အဖွဲ့ဝင်
စစ်ဦးစီးမှူး (ပထမတန်း)
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(၅) ရဲမှူးကြီး တစ်ဦး — အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(တ) **လုံခြုံရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားကျင်းပမည့်နေရာနှင့် တည်းခိုသည့်နေရာများလုံခြုံရေး၊ လူပုဂ္ဂိုလ်လုံခြုံရေးနှင့် လမ်းကြောင်းလုံခြုံရေးဆောင်ရွက်ပေးရန်၊

(၂) ရွေ့ပြောင်းမော်တော်ယာဉ်/ ဆိုင်ကယ်များ စီစဉ်ဆောင်ရွက်ရန်၊

(၃) အခမ်းအနားတက်ရောက်မည့် ကိုယ်စားလှယ်၊ အထောက်အကူပြုအဖွဲ့များနှင့် မီဒီယာများအတွက် လုံခြုံရေးလည်ဆွဲကတ်များနှင့် ယာဉ်ဝင်ခွင့်ကတ်များအား ပြုလုပ်ရန်၊

(၄) လုံခြုံရေးကတ်ပြားများပြုလုပ်မည့် စာသား၊ ဒီဇိုင်း၊ အရောင်၊ အရွယ်အစားများကို အတည်ပြုချက် ရယူဆောင်ရွက်ရန်။

(ထ) **ကျန်းမာရေးလုပ်ငန်းအဖွဲ့**

(၁) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
ကျန်းမာရေးဝန်ကြီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုသရေးဦးစီးဌာန

(၄) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(၅) ဒေါ်မြတ်သန္တာဆန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(၆) ပါမောက္ခတစ်ဦး — အဖွဲ့ဝင်
ခုတင် (၁၀၀၀) ဆေးရုံကြီး၊ နေပြည်တော်

(၇) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ကျန်းမာရေးဝန်ကြီးဌာန

( ဒ ) **ကျန်းမာရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားကျင်းပမည့်နေရာနှင့် တည်းခိုမည့်ဟိုတယ်များတွင် Medical Cover အဖွဲ့များ၊ Ambulance ယာဉ်များ တွဲဖက်ထားရှိရန်၊ အခမ်းအနားအစမှ ပြီးစီးသည်အထိ အချိန်ပြည့် ဆေးခန်းဖွင့်လှစ်ဆောင်ရွက်ပေးရန်နှင့် အရေးပေါ်ကျန်းမာရေးကိစ္စ ပေါ်ပေါက်ပါက ကုသ ပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) အစားအသောက်များကို Food Test ပြုလုပ်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးရန်၊

(၃) လိုအပ်ပါက အခမ်းအနားကျင်းပရာနေရာတွင် ပိုးမွှားနှိမ်နင်းရေးအတွက် ဆေးဖျန်းရန်၊

(၄) လိုအပ်ပါက ကိုဗစ် ၁၉ ကာကွယ်ရေးပစ္စည်းများအား ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ရန်။

( ဓ ) **သတင်း၊ မှတ်တမ်းဆိုင်ရာနှင့် ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းအဖွဲ့**

(၁) ဦးအေးကြွယ် ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(၅) အထွေထွေမန်နေဂျာ အဖွဲ့ဝင်
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(၆) ဦးနေဟိန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(၇) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
ပြန်ကြားရေးဝန်ကြီးဌာန

( န ) **သတင်း၊ မှတ်တမ်းဆိုင်ရာနှင့် ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) မီဒီယာများ ဖိတ်ကြားပေးရန်၊

(၂) ဖိတ်ကြားထားသည့် သတင်းမီဒီယာများအနေဖြင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရေး ကြီးကြပ်ရန်၊

(၃) အခမ်းအနားတွင် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှု ဗီဒီယို Clip ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်၊

(၄) Interpreter ၂ ဦး ငှားရမ်းဆောင်ရွက်ရန်နှင့် Head Set များ အလုံအလောက်ရရှိရေး စီစဉ်ဆောင်ရွက်ရန်၊

(၅) သတင်းရုပ်ရှင်၊ ရုပ်သေဓာတ်ပုံများ ရယူထိန်းသိမ်းရန်နှင့် ရုပ်သံမီဒီယာများမှ ရိုက်ကူး၊ တည်းဖြတ်၊ ထုတ်လွှင့်ခြင်းများကို ကြီးကြပ်ဆောင်ရွက်ရန်၊

(၆) အခမ်းအနားသတင်း ထုတ်ပြန်ရေးဆောင်ရွက်ရန်၊

(၇) အခမ်းအနားအပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(၈) အခမ်းအနားမှတ်တမ်းစာအုပ် ပြုစုထုတ်ဝေရန်၊

(၉) ဓာတ်ပုံပြခန်းခင်းကျင်းပြသရန်။

**( ပ ) မီဒီယာကြီးကြပ်ရေးလုပ်ငန်းအဖွဲ့**

(၁) ဗိုလ်မှူးကြီး ဝဏ္ဏအောင် ဥက္ကဋ္ဌ
အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်
ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ

(၂) ဦးဇော်မြတ်ဝင်း အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(၃) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
ပြန်ကြားရေးဝန်ကြီးဌာန

**( ဖ ) မီဒီယာကြီးကြပ်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) အင်တာဗျူး သတင်းထုတ်ပြန်ချက်မှတ်တမ်း (Record) များအား စစ်ဆေးကြပ်မတ်၍ အတည်ပြုချက် ရယူဆောင်ရွက်ရန်၊

(၂) ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်မြင်သံကြား (MRTV) နှင့် မြဝတီရုပ်သံများထံ သတင်းထုတ်ပြန်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(၃) သတင်းထုတ်ပြန်ချက်များအတွက် သတင်းများရေးသားပြုစု၍ အတည်ပြုချက်ရယူရန်နှင့် သတင်းထုတ်ပြန်ချက်များတွင် စာအရေးအသားများ မှန်ကန်မှုရှိစေရေးနှင့် သတင်းများ အချိန်မီ ပေးပို့ထုတ်ပြန်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ရန်၊

(၄) သတင်းထုတ်ပြန်ချက်များအား မှတ်တမ်းထိန်းသိမ်းထားနိုင်ရေး ဆောင်ရွက်ရန်။

( ဗ ) **ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့**

(၁) ဦးအောင်ကျော်မိုး ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(၂) ဦးမင်းညိုဝင်း အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(၃) ဦးဇော်မင်းဟိန်း အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(၄) ဦးအောင်မျိုး အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)

(ဘ) **ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) အခမ်းအနားအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့အသီးသီး၏ ခန့်မှန်းကုန်ကျစရိတ်များ ကြိုတင်တောင်းခံပြီး အခမ်းအနားကျင်းပရေးဦးစီးကော်မတီသို့ တင်ပြရန်နှင့် ဦးစီးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကြိုတင်ငွေများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းအဖွဲ့အလိုက် တင်ပြလာသော အမှန်တကယ်ကုန်ကျသည့် အသုံးစရိတ်များအား စိစစ်ချက်များနှင့်အတူ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီသို့ တင်ပြရန်၊

(၃) ဘဏ္ဍာငွေများ အလေအလွင့်မရှိစေဘဲ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျသုံးစွဲနိုင်ရေးနှင့် သုံးစွဲပြီးသည့် ငွေစာရင်းရှင်းတမ်းအား သတ်မှတ်ကာလအတွင်း ရှင်းလင်းတင်ပြနိုင်ရေးတို့အတွက် လုပ်ငန်းအဖွဲ့အသီးသီးနှင့် ဆက်သွယ်ပေါင်းစပ်ဆောင်ရွက်ရန်၊

(၄) လိုအပ်ပါက ဘဏ္ဍာရေးဆိုင်ရာမူဝါဒများကို လုပ်ငန်းအဖွဲ့အသီးသီးသို့ ဖြန့်ဝေပေးရန်။

၂။ ငြိမ်းချမ်းရေးဖိုရမ် (Peace Forum 2025) ကျင်းပရေး လုပ်ငန်းအဖွဲ့များအနေဖြင့် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ဆုံးဖြတ်ချက်ရယူလိုသည့် လုပ်ငန်းကိစ္စရပ်များအတွက် ကျင်းပရေးဦးစီးကော်မတီထံ တင်ပြဆောင်ရွက်ရန်ဖြစ်ပါသည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ဥက္ကဋ္ဌ
ငြိမ်းချမ်းရေးဖိုရမ် (Peace Forum 2025) ကျင်းပရေးဦးစီးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၄၄၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့၊ အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၄/မြို့မ)၊ ဦးပိုင်အမှတ် ($\frac{၉၉}{၂၀၀}$)၊ မြေကွက်အမှတ် ($\frac{၆}{၃၅}$)၊ **မြေဧရိယာ ၀.၀၃၁ ဧက** အား **ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကန့်ဘလူခရိုင်ရုံးနှင့် စာကြည့်တိုက်** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၄၉/၂၀၂၅)

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ လှာကာကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၁၀၄၃/ဘားဘုကွင်း)၊ ဦးပိုင်အမှတ် (၇၅/က)၊ **မြေဧရိယာ ၁.၀၈ ဧက** ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၁၅)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁.၀၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၅၀/၂၀၂၅)

ရခိုင်ပြည်နယ်၊ တောင်ကုတ်ခရိုင်၊ တောင်ကုတ်မြို့နယ်၊ ဂူတာရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၇/လျှပ်စစ်အကွက်)၊ ဦးပိုင်အမှတ် (၈၃-က)၊ **မြေဧရိယာ ၀.၄၁၁ ဧက** အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ယခင်ကုန်းလမ်းပို့ဆောင်ရေးက သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့် ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၁၉)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ယခင်ကုန်းလမ်းပို့ဆောင်ရေးက နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၄၁၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၅၁/၂၀၂၅)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၁၀၀၅) ရှိ **မြေဧရိယာ ၁၄.၃၂၆ ဧက** ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ယခင်ကုန်းလမ်းပို့ဆောင်ရေးက အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၁၆)/၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ယခင်ကုန်းလမ်းပို့ဆောင်ရေးက အသုံးပြုရန် မရှိသဖြင့် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၄.၃၂၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၅၂/၂၀၂၅)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၆-အေ/မိုင်တာရပ်)၊ ဦးပိုင်အမှတ် (၃၅က) ရှိ မူလ **မြေဧရိယာ ၁၅.၇၃၅ ဧက** အနက်မှ **မြေဧရိယာ ၀.၅၆၉ ဧက** အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၁၂)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၅၆၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဥပဒေရေးရာဝန်ကြီးဌာန

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၃ ရက်)

အမှတ် ၈၀။　　ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ ဥပဒေဘာသာပြန်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နော်စေးဝါးဖော (ဥ/ ၂၃၈၈)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အား တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၈၁။　　အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး/ တိုင်းဒေသကြီးဥပဒေအရာရှိ/ ပြည်နယ်ဥပဒေအရာရှိများအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးသို့ ပြောင်းရွှေ့နေရာချထားလိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ပြောင်းရွှေ့နေရာချထားသည့် ရာထူး၊ ရုံး |
|---|---|---|---|
| ၁။ | ဒေါ်မိုးနှင်းလွင်<br>ဥ/ ၂၄၇၁ | ပြည်နယ်ဥပဒေအရာရှိ<br>မွန်ပြည်နယ်ဥပဒေချုပ်ရုံး | ညွှန်ကြားရေးမှူး<br>ဥပဒေဘာသာပြန်ဌာနခွဲ<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၂။ | ဒေါ်မိသန္တာမြင့်<br>ဥ/ ၂၄၂၂ | တိုင်းဒေသကြီးဥပဒေအရာရှိ<br>မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ညွှန်ကြားရေးမှူး<br>ဥပဒေများစိစစ်ရေးဌာနခွဲ<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၃။ | ဒေါ်လှလှဆွေ<br>ဥ/ ၂၆၆၄ | ညွှန်ကြားရေးမှူး<br>ဥပဒေများစိစစ်ရေးဌာနခွဲ<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | တိုင်းဒေသကြီးဥပဒေအရာရှိ<br>မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |

ဒေါက်တာ သီတာဦး

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်)

၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၅) ၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်ဖော်ပြပါအရာထမ်းအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ** |
|---|---|
| ဦးစောမြင့်ဇော်<br>ညွှန်ကြားရေးမှူး (စီမံ)<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံခန့်ခွဲရေး)<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက်)

၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေး အမှတ်စဉ် (၁၉/၂၀၂၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ အမှုထမ်း (၁) ဦးအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ နံနက်ပိုင်းမှ စ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်** | **လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ** |
|---|---|---|
| ဒေါ်မို့မို့အောင် | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ |

မောင်မောင်အုန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်)

**ကေတုမတီမြို့ဟောင်းရှိ မြို့ရိုးနှင့် ကျုံးတို့တည်ရှိရာဒေသကို ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ခြင်း**

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်းရှိ မြို့ရိုးနှင့် ကျုံးတို့ရှိရာ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသကို ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါအတိုင်း သတ်မှတ်လိုက်သည်–

| စဉ် | ဒေသ အမျိုးအစား | နယ်နိမိတ်/နယ်မြေ | မှတ်ချက် |
|---|---|---|---|
| (က) | **ယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိရာဒေသ (ကျုံး၏ အပြင်ဘက် နယ်နိမိတ်)** | (၁) **အရှေ့သို့လားသော်**<br>– (၉) ရပ်ကွက်ရှိ ရန်အောင်ကျောင်းတိုက်၏ ကျောင်းဝင်းအတွင်း ရည်ညွှန်းအမှတ် (P–1) GPS Location (N–18.953217˙, E–96.442033˙)၊ ယင်းမှ ရန်ကုန်–မန္တလေးလမ်းဟောင်း၏ အနောက်ဘက်၊ ယိုးဒယားပေါက်၏ မြောက်ဘက် ရည်ညွှန်းအမှတ် (P–2) GPS Location (N–18.951818˙, E–96.442109˙)၊ ယင်းမှ ရန်ကုန်–မန္တလေးလမ်းဟောင်း၏ အနောက်ဘက်၊ ယိုးဒယားပေါက်၏ မြောက်ဘက်ကပ်လျက်ရှိ ရည်ညွှန်းအမှတ် (P–3) GPS Location (N–18.950615˙, E–96.442214˙)၊ ယင်းမှ ပန်းချီတံခါးလမ်း၊ ပန်းချီတံခါး၏အရှေ့ဘက်၊ ရန်ကုန်–မန္တလေးလမ်းဟောင်း၏ အနောက်ဘက် ရည်ညွှန်းအမှတ် (P–4) GPS Location (N–18.94765˙, E–96.44233˙) သို့လည်းကောင်း၊<br>– (၈) ရပ်ကွက်ရှိ ပန်းချီတံခါးလမ်း၏ တောင်ဘက်ကပ်လျက် Win Mart အနီး ရည်ညွှန်းအမှတ် (P–5) GPS Location (N–18.94756˙, E–96.4424˙)၊ ယင်းမှ | မြေပုံ |

| စဉ် | ဒေသ အမျိုးအစား | နယ်နိမိတ်/နယ်မြေ | မှတ်ချက် |
|---|---|---|---|
| | | အောင်နန်းတံခါး၏ အရှေ့ဘက်၊ ရန်ကုန်-မန္တလေး လမ်းဟောင်း၏အနောက်ဘက်၊ ဗိုလ်မှူးဖိုးကွန်း လမ်းမကြီး၏ မြောက်ဘက်ကပ်လျက် ရည်ညွှန်း အမှတ် (P-6) GPS Location (N-18.9432˚, E-96.44255˚) သို့လည်းကောင်း၊<br>- (၁၉) ရပ်ကွက်၊ ဗိုလ်မှူးဖိုးကွန်းလမ်းမကြီး၏ တောင်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-7) GPS Location (N-18.94298˚, E-96.44264˚)၊ ယင်းမှ တကောင်းတံခါး၏ အရှေ့ဘက်၊ ကန်လမ်း၏ မြောက်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-8) GPS Location (N-18.93890˚, E-96.44273381˚) သို့လည်းကောင်း၊<br>- (၁၈) ရပ်ကွက်၊ ကန်လမ်း၏ တောင်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-9) GPS Location (N-18.93853˚, E-96.44281˚)၊ ယင်းမှ အရှေ့ဘက်ကျုံးပတ်လမ်းနှင့် ဘိုးဘွားရိပ်သာလမ်း၏ မြောက်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-10) GPS Location (N-18.93529˚, E-96.44295931˚)၊ ယင်းမှ မင်းကြီးညိုလမ်းနှင့် ကျုံး၏အရှေ့တောင်ထောင့် ကရုဏာရှင်သွေးလှူ အသင်းရုံး၏ အနောက်ဘက်ကပ်လျက် ရည်ညွှန်း အမှတ် (P-11) GPS Location (N-18.93372˚, E-96.44304˚) သို့လည်းကောင်း၊ | |
| | **ယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိရာဒေသ (ကျုံး၏ အပြင်ဘက် နယ်နိမိတ်)** | (၂) **တောင်သို့လားသော်**<br>- (၁၈) ရပ်ကွက်၊ ပုန်းညက်တံခါးနှင့် ဘူတာလမ်း၏ တောင်ဘက် မင်းကြီးညိုလမ်းတောင်ဘက် ရည်ညွှန်း အမှတ် (P-12) GPS Location (N- 18.93356˚, E-96.43770˚)၊ ယင်းမှ မီးရထားလမ်းနှင့် ဘုရားလမ်း တို့၏အရှေ့ဘက် ရည်ညွှန်းအမှတ် (P-13) GPS Location (N-18.93372˚, E-96.43432˚)၊ ယင်းမှ တောင်ဘက်ကျုံးပတ်လမ်း၊ ခရိုင်ကော်မရှင်ရုံး၏ အနောက်မြောက်ဘက် ရည်ညွှန်းအမှတ် (P-14) GPS Location (N-18.93368˚, E-96.43144˚) သို့ လည်းကောင်း၊ | မြေပုံ |

| စဉ် | ဒေသ အမျိုးအစား | နယ်နိမိတ်/နယ်မြေ | မှတ်ချက် |
|---|---|---|---|
| | | - (၁၁) ရပ်ကွက်၊ တောင်ဘက်ကျုံးပတ်လမ်း၊ နေလဆန်စက်၏ မြောက်ဘက် ရည်ညွှန်းအမှတ် (P–15) GPS Location (N–18.93373˚, E–96.42702˚)၊ ယင်းမှ တောင်ဘက်ကျုံးပတ်လမ်း၊ သရက်ကုန်းရွာချင်းဆက်လမ်း၏မြောက်ဘက်၊ ကြေးနီတံခါး၏ တောင်ဘက် ရည်ညွှန်းအမှတ် (P–16) GPS Location (N–18.93375˚, E–96.42263˚) သို့လည်းကောင်း၊<br>- ကင်းဆိပ်ကျေးရွာအုပ်စု ကျုံး၏အနောက်တောင်ထောင့် ရည်ညွှန်းအမှတ် (P–17) GPS Location (N–18.93369˚, E–96.41991˚) သို့လည်းကောင်း၊ | |
| | ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ (ကျုံး၏ အပြင်ဘက် နယ်နိမိတ်) | (၃) **အနောက်သို့လားသော်**<br>- (၁၁) ရပ်ကွက်၊ သစ်ရင်းတံခါး၏ အနောက်ဘက် ကင်းဆိပ်လမ်းမကြီး၏တောင်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P–18) GPS Location (N– 18.93548˚, E–96.41974˚)၊ ယင်းမှ ပေါ်ရိသတ်တံခါး၏ အနောက်ဘက်၊ အနောက်ဘက်ကျုံးပတ်လမ်းဆုံ ရည်ညွှန်းအမှတ် (P–19) GPS Location (N–18.93917˚, E–96.41960˚) သို့ လည်းကောင်း၊<br>- (၂) ရပ်ကွက်၊ စင်တံခါး၏အနောက်ဘက်၊ အနောက်ဘက်ကျုံးပတ်လမ်း၊ ဗိုလ်မှူးဖိုးကွန်းလမ်းမကြီး၏ မြောက်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P–20) GPS Location (N–18.94388˚, E–96.41942˚)၊ ယင်းမှ စစ်ရင်းတံခါး၏ အနောက်ဘက်၊ အနောက်ဘက် ကျုံးပတ်လမ်း၊ ဟိုတယ်ဇုန်၏တောင်ဘက်၊ ရည်ညွှန်းအမှတ် (P–21) GPS Location (N–18.94765˚, E–96.41933˚)၊ ယင်းမှ ကလေးတံခါးနှင့် သစ်သားတံတား၏ အနောက်ဘက်၊ အနောက်ဘက် ကျုံးပတ်လမ်း၊ ဟိုတယ်ဇုန်၏မြောက်ဘက် ရည်ညွှန်းအမှတ် (P–22) GPS Location (N–18.95157˚, E–96.41918˚) သို့လည်းကောင်း၊ | မြေပုံ |

| စဉ် | ဒေသ အမျိုးအစား | နယ်နိမိတ်/နယ်မြေ | မှတ်ချက် |
|---|---|---|---|
| | **ယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိရာဒေသ (ကျုံး၏ အပြင်ဘက် နယ်နိမိတ်)** | (၄) **မြောက်သို့လားသော်**<br>- (၁) ရပ်ကွက်၊ အနောက်ဘက် ကျုံးပတ်လမ်းနှင့် ထီးလှိုင်အမြန်လမ်း၊ ကျုံးအနောက်မြောက်ထောင့် ရည်ညွှန်းအမှတ် (P-23) GPS Location (N-18.95323˚, E-96.41915˚)၊ ယင်းမှ ထီးလှိုင်အမြန်လမ်းနှင့် ငွေဆောင်ဟိုတယ်အနီး၏ တောင်ဘက် ရည်ညွှန်းအမှတ် (P-24) GPS Location (N-18.95319˚, E-96.42238˚)၊ ယင်းမှ ထီးလှိုင်အမြန်လမ်းနှင့် ရွှေဂူကြီးဘုရား၏ တောင်ဘက် ရည်ညွှန်းအမှတ် (P-25) GPS Location (N-18.95318˚, E-96.42609˚)၊ ယင်းမှ မော်ကွန်းတံခါး၏ မြောက်ဘက်၊ အပြင်ကျုံးပတ်လမ်း၏ တောင်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-26) GPS Location (N-18.95327˚, E-96.42970˚)၊ ယင်းမှ ရန်အောင်မြင်တံခါး၏ မြောက်ဘက်၊ ထီးလှိုင်တံတား၏ အနောက်မြောက်ထောင့် ရည်ညွှန်းအမှတ် (P-27) GPS Location (N-18.95328˚, E-96.43374˚) သို့ လည်းကောင်း၊<br>- (၉) ရပ်ကွက်၊ စည်ပင်ပန်းခြံ၏အရှေ့ဘက်၊ ကားဘော်ဒီရုံ၏ အရှေ့ဘက် ရည်ညွှန်းအမှတ် (P-28) GPS Location (N-18.95324˚, E-96.43754˚)၊ ယင်းမှ မြောက်ဘက်ကျုံးပတ်လမ်း၊ ရန်ကုန်-မန္တလေးမီးရထားလမ်း၏ အနောက်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-29) GPS Location (N-18.95327˚, E-96.43926˚)၊ ယင်းမှ ပေါ်တော်မူဘုရား၏ တောင်ဘက် ရန်ကုန်-မန္တလေးမီးရထားလမ်း၏ အရှေ့ဘက် ရည်ညွှန်းအမှတ် (P-30) GPS Location (N-18.95320˚, E-96.43974˚) သို့ လည်းကောင်း၊ | မြေပုံ |

| စဉ် | ဒေသ အမျိုးအစား | နယ်နိမိတ်/နယ်မြေ | မှတ်ချက် |
|---|---|---|---|
| (၁) | **ယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိရာဒေသ (မြို့ရိုး၏ အတွင်းဘက် နယ်နိမိတ်)** | (၁) **အရှေ့သို့လားသော်**<br>- (၇) ရပ်ကွက်၊ မာန်အောင်တံခါးပေါက်၏ အရှေ့မြောက်ထောင့်၊ အောင်သိဒ္ဓိခတ်ပေါင်းစေတီအနီး၊ ရန်ကုန်-မန္တလေးမီးရထားလမ်း၏ အရှေ့ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-31)GPS Location (N-18.95196˚, E-96.44092˚)၊ ယင်းမှ စကားဝါလမ်းကြား၊ ရန်ကုန်-မန္တလေးမီးရထားလမ်း၏ အနောက်ဘက် ရည်ညွှန်းအမှတ် (P-32) GPS Location (N-18.94841˚, E-96.44111˚) သို့လည်းကောင်း၊<br>- (၁၇) ရပ်ကွက်၊ ဗိုလ်မှူးဖိုးကွန်းလမ်းမကြီး တောင်ဘက်ကပ်လျက်၊အောင်နန်းတံခါးပေါက်အနီး၊ စည်ပင်ရိပ်သာ၏ မြောက်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-33) GPS Location (N-18.94337˚, E-96.44126˚)၊ ယင်းမှ ကန်လမ်းမြောက်ဘက်နှင့် မီးရထားအမှတ် (၁) ဂိတ် အနောက်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-34) GPS Location (N-18.93911˚, E-96.44159˚) သို့လည်းကောင်း၊<br>- (၁၈) ရပ်ကွက် ဘိုးဘွားရိပ်သာဝင်း၏ မြောက်ဘက် ခြံစည်းရိုးအနီး၊ အမှတ် (၁) ရဲစခန်း၏ တောင်ဘက်ကပ်လျက်၊ မြို့လေးခံတပ်တံတိုင်း၏ အရှေ့မြောက်ထောင့်ကပ်လျက် ရည်ညွှန်းအမှတ် (P-35) GPS Location (N-18.93705˚, E-96.44171˚)၊ ယင်းမှ အရှေ့တောင်ထောင့်မြို့ရိုး၊ သာရမဥ္ဇူမြို့ထောင့်ဘုရားအနီး၊ အမှတ် (၁) ရဲစခန်းဝင်း၏ အရှေ့တောင်ထောင့် ရည်ညွှန်းအမှတ် (P-36) GPS Location (N-19.93493˚, E-96.44165˚) သို့လည်းကောင်း၊ | မြေပုံ |

| စဉ် | ဒေသ အမျိုးအစား | နယ်နိမိတ်/နယ်မြေ | မှတ်ချက် |
|---|---|---|---|
| | **ယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိရာဒေသ (မြို့ရိုး၏ အတွင်းဘက် နယ်နိမိတ်)** | (၂) **တောင်သို့လားသော်**<br>- (၁၈) ရပ်ကွက်၊ မီးရထားဘူတာရုံ၏ တောင်ဘက်၊ မီးရထားဝန်ထမ်းအိမ်ရာနှင့် ဘူတာလမ်း၏ အရှေ့ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-37) GPS Location (N-18.93488˚, E-96.43765˚)၊ ယင်းမှ (၁၄) ရပ်ကွက်ကို ဖြတ်ကျော်၍လည်းကောင်း၊<br>- (၁၂) ရပ်ကွက်၊ ဘုရားလမ်း၏ အနောက်ဘက် ကပ်လျက်၊ ကုလားပါတံခါးအနီး မီးရထားလမ်း၏ မြောက်ဘက် ရည်ညွှန်းအမှတ် (P-38) GPS Location (N-18.93505˚, E-96.43421˚)၊ ကြာမှုံ တံခါးပေါက်နေရာ၊ ဦးမှဲ့လမ်းသွယ်၊ ဇေတဝန် ကျောင်းတိုက်၏ အရှေ့ဘက်ကပ်လျက် ရည်ညွှန်း အမှတ် (P-39) GPS Location (N-18.93499˚, E-96.43124˚) သို့လည်းကောင်း၊<br>- (၁၁) ရပ်ကွက်၊ လင်းသက်တံခါးပေါက်အနီး ရေဆိုးမြောင်း၏ မြောက်ဘက်ကပ်လျက် ရည်ညွှန်း အမှတ် (P-40) GPS Location (N-18.93505˚, E-96.42686˚)၊ ယင်းမှ ကျွန်းတောကုန်းလမ်းသွယ်၊ အောင်မြေဘုံစံကျောင်းတိုက်နှင့် ဝိသုဒ္ဓါရုံမြို့ထောင့် ကျောင်းတို့၏ အရှေ့အရပ်မျက်နှာ ရည်ညွှန်းအမှတ် (P-41) GPS Location (N-18.93501˚, E-96.42307˚)၊ ယင်းမှအနောက်တောင်ထောင့်ရှိရတနာမာန်အောင် စေတီ (မြသိန်းတန်) ၏ အရှေ့မြောက်ထောင့် ကပ်လျက် ရည်ညွှန်းအမှတ် (P-42) GPS Location (N-18.93521˚, E-96.42136˚) သို့လည်းကောင်း၊ | မြေပုံ |

| စဉ် | ဒေသ အမျိုးအစား | နယ်နိမိတ်/နယ်မြေ | မှတ်ချက် |
|---|---|---|---|
| | **ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ (မြို့ရိုး၏အတွင်းဘက်နယ်နိမိတ်)** | (၃) **အနောက်သို့လားသော်**<br>- (၁၁) ရပ်ကွက်၊ သစ်ရင်းတံခါးပေါက်နေရာ၏ အရှေ့ဘက်၊ ကင်းဆိပ်လမ်းမ၏ မြောက်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-43) GPS Location (N-18.93562˚, E-96.42102˚)၊ ယင်းမှ ပေါ်ရိသတ်တံခါး၏အရှေ့ဘက်၊ ကုက္ကိုတန်းလမ်းမ၏ အနောက်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-44) GPS Location (N-18.93919˚, E-96.42095˚)၊ ယင်းမှ ကုက္ကိုတန်းလမ်းမကြီး၏ အနောက်ဘက်၊ စင်တံခါး၏ အရှေ့ဘက်၊ ဗိုလ်မှူးဖိုးကွန်းလမ်းမ၏ မြောက်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-45) GPS Location (N-18.94334˚, E-96.42077˚) သို့လည်းကောင်း၊<br>- (၂) ရပ်ကွက်၊ စစ်ရင်းတံခါး၏ အရှေ့ဘက်၊ နေပူကုန်းလမ်း၏ အနောက်ဘက်၊ ပန်းချီတံခါးလမ်း၏ တောင်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-46) GPS Location (N-18.94783˚, E-96.42069˚)၊ ယင်းမှ ကလေးတံခါး၏ အရှေ့ဘက်၊ နေပူကုန်းလမ်းနှင့် သရက်မှော် (၆) လမ်းဆုံသည့်နေရာ၏ အနောက်ဘက် ရည်ညွှန်းအမှတ် (P-47) GPS Location (N-18.95125˚, E-96.42046˚)၊ ယင်းမှ မြို့ရိုးအနောက်မြောက်ထောင့် ရွှေလင်းယုံကျောင်းအတွင်း မဥ္ဇူသာရဘုရား၏ အရှေ့တောင်ထောင့်ကပ်လျက် ရည်ညွှန်းအမှတ် (P-48) GPS Location (N-18.95174˚, E-96.42067˚) သို့လည်းကောင်း၊ | မြေပုံ |

| စဉ် | ဒေသ အမျိုးအစား | နယ်နိမိတ်/နယ်မြေ | မှတ်ချက် |
| --- | --- | --- | --- |
| | **ယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိရာဒေသ (မြို့ရိုး၏ အတွင်းဘက် နယ်နိမိတ်)** | (၄) **မြောက်သို့လားသော်**<br>- (၂) ရပ်ကွက်၊ မြဝတီတံခါး၏တောင်ဘက်၊ ကမ္ဘောဇ ဗောဓိကျောင်းတိုက် အရှေ့ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-49) GPS Location (N-18.95194˚, E-96.42256˚)၊ ယင်းမှ သရပါတံခါး၏ တောင်ဘက်၊ သရက်မှော်ဇလီ၏ မြောက်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-50) GPS Location (N-18.95195˚, E-96.42619˚)၊ ယင်းမှ မော်ကွန်းတံခါး၏ တောင်ဘက်၊ ဦးကာလလမ်းနှင့် နန်းတော်ဟောင်းလမ်းဆုံသည့်နေရာ၏ မြောက်ဘက်ကပ်လျက် ရည်ညွှန်းအမှတ် (P-51) GPS Location (N-18.95189˚, E-96.42999˚)၊ ယင်းမှ (၃) ရပ်ကွက်ကို ဖြတ်ကျော်၍လည်းကောင်း၊<br>- (၆) ရပ်ကွက်၊ ရန်အောင်မြင်တံခါးနှင့် ဝေဠုဝန် စာသင်တိုက်တို့၏ တောင်ဘက်ကပ်လျက်၊ ဘုရားလမ်း၏ အရှေ့ဘက်ကပ်လျက်၊ ရည်ညွှန်းအမှတ် (P-52) GPS Location (N-18.95188˚, E-96.43395˚)၊ယင်းမှကြက်မျှားတံခါး၏တောင်ဘက် နံပါတ် (၁) လမ်း၊ ဝေဠုဝန်ကျောင်းနှင့် ထေရကုသလ ပရိယတ္တိကျောင်း၏ အရှေ့မျက်နှာစာ ရည်ညွှန်းအမှတ် (P-53) GPS Location (N-18.95192˚, E-96.43738˚) အတွင်းရှိ နယ်မြေဒေသများကို ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ (Property Area) အဖြစ် သတ်မှတ်သည်။ | မြေပုံ |

၂။ အထက်ဖော်ပြပါ နယ်နိမိတ်အပိုင်းအခြားသတ်မှတ်ချက်သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အမှုတွဲအမှတ်၊ ၂/၃-၁၁/ယဉ်ကျေးမှု (၇၄၅၉)၊ ရက်စွဲ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့နှင့် ဦးစီးဌာန၏ အမှုတွဲအမှတ်၊ ၃၃၀၁/၁-၅/၁-က၊ ရက်စွဲ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တို့တွင် ပါရှိသည့် မြေပုံနှင့် စာရင်းဇယားများ၌ အသေးစိတ်ဖော်ပြချက်အတိုင်းဖြစ်သည်။





**အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်)

**ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၆ အရ ထုတ်ပြန်ချက်**

၁။ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၆ အရ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၂၀/ ၂၀၂၅) က ၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အမြန်လမ်း ၁၆ မိုင်၊ ၅ ဖာလုံအနီး အရိယာမဏ္ဍိုင်တောရ ရိပ်သာကျောင်းတိုက်နေ ဦးသူရိယ ပါ ၂၇ ဦးတို့၏ ဟောပြောချက်များသည် သင်္ဂါယနာ ခြောက်တန်တင် ထေရဝါဒပါဠိတော်အဋ္ဌကထာ ဋီကာတို့နှင့် မညီညွတ်သောကြောင့် အဓမ္မဝါဒဖြစ်သည်ဟုလည်းကောင်း၊ ထိုအဓမ္မဝါဒကို ဟောပြောသူ၊ လက်ခံသူ၊ ပုံနှိပ်ဖြန့်ဝေသူတို့သည် အဓမ္မဝါဒီများဖြစ်ကြသည်ဟုလည်းကောင်း၊ ထိုအဓမ္မဝါဒများကို အသံသွင်းထား၊ ပုံနှိပ်ထား၊ ရေးသားထား၊ အင်တာနက်တင်ထား၊ မှတ်တမ်းတင်ထားသော အရာဝတ္ထုမှန်သမျှတို့သည် အဓမ္မဝတ္ထုဖြစ်ကြသည်ဟုလည်းကောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အမြန်လမ်း ၁၆ မိုင်၊ ၅ ဖာလုံအနီး အရိယာမဏ္ဍိုင်တောရ ရိပ်သာကျောင်းတိုက်နေ ဦးသူရိယ ပါ ၂၇ ပါး/ ဦး အနက် ၁၀ ပါး/ ဦးတို့က ၎င်းတို့သည် ထိုအဓမ္မဝါဒများကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိပ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်းတို့ကို မပြုလုပ်တော့ဘဲ လုံးဝစွန့်လွှတ်ပါကြောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ရှေ့မှောက်၌ ကိုယ်တိုင်ဝန်ခံကတိပြု လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အမြန်လမ်း ၁၆ မိုင်၊ ၅ ဖာလုံအနီး အရိယာမဏ္ဍိုင်တောရ ရိပ်သာကျောင်းတိုက်နေ ဦးသူရိယ ပါ ၂၇ ဦးတို့၏ ဟောပြောချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၂၀/၂၀၂၅) က အဓမ္မဝါဒဖြစ်သည်ဟုလည်းကောင်း၊ ထိုအဓမ္မဝါဒကို ဟောပြောသူ၊ လက်ခံသူ၊ ပုံနှိပ်ဖြန့်ဝေသူတို့သည် အဓမ္မဝါဒီများဖြစ်ကြသည်ဟုလည်းကောင်း၊ ထိုအဓမ္မဝါဒများကို အသံသွင်းထား၊ ပုံနှိပ်ထား၊ ရေးသားထား၊ အင်တာနက်တင်ထား၊ မှတ်တမ်းတင်ထားသော အရာဝတ္ထုမှန်သမျှတို့သည် အဓမ္မဝတ္ထုဖြစ်ကြသည်ဟုလည်းကောင်း၊ ဆုံးဖြတ်ထားပြီးဖြစ်၍ ယင်းဝါဒကိုဖြစ်စေ၊ ယင်းဝါဒ၏ အနှစ်သာရကိုဖြစ်စေ မူလအမည်ဖြင့်လည်းကောင်း၊ အခြားအမည်တစ်ခုခုဖြင့်သော်လည်းကောင်း ဟောပြောခြင်း၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီခြင်း၊ စာအုပ်စာတမ်းအဖြစ် ရိုက်နှိပ်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီခြင်း၊ မည်သည့်အရာဝတ္ထုအပေါ် တွင်မဆို ရေးသားခြင်း၊ ထုထွင်းခြင်း၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီခြင်း၊ အသံသွင်းခြင်း၊ ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီခြင်း၊ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို

အသုံးပြု၍ ပို့လွှင့်ခြင်း၊ ဖမ်းယူခြင်း၊ ပေးဝေခြင်း သို့မဟုတ် ဖြန့်ချီခြင်း၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီခြင်း၊ ယင်းဝါဒကိုဖြစ်စေ၊ ယင်းဝါဒ၏အနှစ်သာရကိုဖြစ်စေ ပြန့်ပွားစေရန် အခြားနည်းတစ်ခုခုဖြင့် ဆောင်ရွက်ခြင်း၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီခြင်းကို မည်သူမျှမပြုလုပ်ရန် တားမြစ်လိုက်သည်။

၅။ မည်သူမဆို ဤတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၀ အရ အရေးယူခြင်းခံရမည်။

တင်ဦးလွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၃၀ ရက်)

### ရာထူးတိုးမြှင့်တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၅/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦးတို့အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်၊ ဒေသ | တိုးမြှင့်ရာထူး၊ ပြောင်းရွှေ့ဒေသ |
|---|---|---|---|
| ၁။ | ဒေါ်ထူးထူးအောင် | ဒုတိယညွှန်ကြားရေးမှူး (စက်မှု)<br>ဖြည့်တင်းရေးဌာနခွဲ (၂)<br>ရုံးချုပ် | ညွှန်ကြားရေးမှူး (စက်မှု)<br>ဖြည့်တင်းရေးဌာနခွဲ (၂)<br>ရုံးချုပ် |
| ၂။ | ဦးသန့်ချို | ဒုတိယညွှန်ကြားရေးမှူး (စက်မှု)<br>စက်မှု/ လျှပ်စစ်ဌာနခွဲ (၂)<br>ရုံးချုပ် | ညွှန်ကြားရေးမှူး (စက်မှု)<br>စက်မှု/ လျှပ်စစ်ဌာနခွဲ (၂)<br>ရုံးချုပ် |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၅၆/၂၀၂၅)

### ရာထူးတိုးမြှင့်တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၅/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးဝင်းမြင့်ထွန်း အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တိုးမြှင့်ခန့်ထား၍ ရခိုင်ပြည်နယ်မြေစာရင်းဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူးအဖြစ် တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၅၉/၂၀၂၅)

### ရာထူးတိုးမြှင့်တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၅/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနမှူး (စိုက်ပညာရှင်)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်ဆွေဆွေမြင့် အား ညွှန်ကြားရေးမှူး(စိုက်ပညာရှင်)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တိုးမြှင့်ခန့်ထား၍ စက်မှုသီးနှံနှင့် နှစ်ရှည်ပင်များ သုတေသနဌာနခွဲတာဝန်ခံအဖြစ် တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၆၀/၂၀၂၅)

### ရာထူးတိုးမြှင့်တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၅/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဥယျာဉ်ခြံသီးနှံပညာဌာနမှ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါက်တာ စံရွှေမြင့် အား ဥယျာဉ်ခြံသီးနှံပညာဌာနတွင် ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-

၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမားဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၁၁၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်)

**ခုံသမာဓိကောင်စီဝင် အလုပ်သမားကိုယ်စားလှယ် နှစ်ဦး အစားထိုးခန့်အပ်ခြင်း**

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၀ (က) နှင့်အညီ အမိန့်ကြော်ငြာစာအမှတ် ၁၃၁/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သည့် အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိကောင်စီတွင် အလုပ်သမားကိုယ်စားလှယ် ဦးတင်ထွန်း၊ အငယ်တန်းအင်ဂျင်နီယာ (ငြိမ်း)၊ အမှတ် (၁) ကြေးနီသတ္တုတွင်း၊ ကြေးစင်တောင်နှင့် ဦးသိန်းကြွယ်၊ ကျွမ်းကျင် (၅) (ငြိမ်း)၊ ဆေးဝါးစက်ရုံတို့ **အစား** ဦးအောင်ချစ်တိုး (တရားလွှတ်တော်ရှေ့နေ) နှင့် ဒေါ်အေးအေးလွင် (တရားလွှတ်တော်ရှေ့နေ) တို့အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

ချစ်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက်)

၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) ၌ သဘောတူဆုံးဖြတ်ချက်အရ ဆရာအတတ်ပညာဦးစီး

ဌာန၊ ပညာရေးဒီဂရီကောလိပ်အသီးသီးမှ အောက်ဖော်ပြပါ ကျောင်းအုပ်ကြီး၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ပညာရေးဒီဂရီကောလိပ်များသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ပညာရေးဒီဂရီကောလိပ် | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ပညာရေးဒီဂရီကောလိပ် |
|---|---|---|---|
| ၁။ | ဒေါက်တာ ငြိမ်းသီအောင် | ကျောင်းအုပ်ကြီး<br>သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ် | ကျောင်းအုပ်ကြီး<br>ရန်ကင်းပညာရေးဒီဂရီကောလိပ် |
| ၂။ | ဒေါ်နှင်းကြူဦး | ကျောင်းအုပ်ကြီး<br>တောင်ကြီးပညာရေးဒီဂရီကောလိပ် | ကျောင်းအုပ်ကြီး<br>သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ် |
| ၃။ | ဒေါ်နန်းအေးသီရိဦး | ကျောင်းအုပ်ကြီး<br>ကျိုင်းတုံပညာရေးဒီဂရီကောလိပ် | ကျောင်းအုပ်ကြီး<br>တောင်ကြီးပညာရေးဒီဂရီကောလိပ် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၂၅)

၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) ၌ သဘောတူဆုံးဖြတ်ချက်အရ ဆရာအတတ်ပညာဦးစီးဌာန၊ ပညာရေးဒီဂရီကောလိပ်အသီးသီးမှ အောက်ဖော်ပြပါ ဒုတိယကျောင်းအုပ်ကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ပညာရေးဒီဂရီကောလိပ် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ပညာရေးဒီဂရီကောလိပ် |
|---|---|---|---|
| ၁။ | ဒေါ်ခင်ဝင်းကြည် | ဒုတိယကျောင်းအုပ်ကြီး<br>တောင်ကြီးပညာရေးဒီဂရီကောလိပ် | ကျောင်းအုပ်ကြီး<br>ထားဝယ်ပညာရေးဒီဂရီကောလိပ် |
| ၂။ | ဒေါ်စဝ်မြတ်မွန် | ဒုတိယကျောင်းအုပ်ကြီး<br>သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ် | ကျောင်းအုပ်ကြီး<br>ကျိုင်းတုံပညာရေးဒီဂရီကောလိပ် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၀/၂၀၂၅)

၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) ၌ သဘောတူဆုံးဖြတ်ချက်အရ ဆရာအတတ်ပညာဦးစီးဌာန၊

ပညာရေးဒီဂရီကောလိပ်အသီးသီးမှ အောက်ဖော်ပြပါ ဒုတိယကျောင်းအုပ်ကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ပညာရေးဒီဂရီကောလိပ်များသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ပညာရေးဒီဂရီကောလိပ် | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ပညာရေးဒီဂရီကောလိပ် |
|---|---|---|---|
| ၁။ | ဒေါ်မေစိုးခိုင် | ဒုတိယကျောင်းအုပ်ကြီး<br>ဘိုကလေးပညာရေးဒီဂရီကောလိပ် | ဒုတိယကျောင်းအုပ်ကြီး<br>သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ် |
| ၂။ | ဒေါ်စမ်းစမ်းစိမ့် | ဒုတိယကျောင်းအုပ်ကြီး<br>ကသာပညာရေးဒီဂရီကောလိပ် | ဒုတိယကျောင်းအုပ်ကြီး<br>တောင်ကြီးပညာရေးဒီဂရီကောလိပ် |
| ၃။ | ဒေါ်တင်တင်အုံး | ဒုတိယကျောင်းအုပ်ကြီး<br>ဟားခါးပညာရေးဒီဂရီကောလိပ် | ဒုတိယကျောင်းအုပ်ကြီး<br>ဘိုကလေးပညာရေးဒီဂရီကောလိပ် |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၁/၂၀၂၅)**

၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ဆရာအတတ်ပညာဦးစီးဌာန၊ ပညာရေးဒီဂရီကောလိပ်အသီးသီးမှ အောက်ဖော်ပြပါ ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀- ၃၉၄,၀၀၀) များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ပညာရေးဒီဂရီကောလိပ်များသို့ ဒုတိယကျောင်းအုပ်ကြီးများအဖြစ် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ပညာရေးဒီဂရီကောလိပ် | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ပညာရေးဒီဂရီကောလိပ် |
|---|---|---|---|
| ၁။ | ဒေါ်ခင်စိန်ဦး | ပါမောက္ခ<br>မကွေးပညာရေးဒီဂရီကောလိပ် | ဒုတိယကျောင်းအုပ်ကြီး<br>ကသာပညာရေးဒီဂရီကောလိပ် |
| ၂။ | ဒေါ်ခင်သန္တာနှင်း | ပါမောက္ခ<br>မိတ္ထီလာပညာရေးဒီဂရီကောလိပ် | ဒုတိယကျောင်းအုပ်ကြီး<br>ဟားခါးပညာရေးဒီဂရီကောလိပ် |
| ၃။ | ဒေါ်နှင်းနန္ဒာလှိုင် | ပါမောက္ခ<br>မိတ္ထီလာပညာရေးဒီဂရီကောလိပ် | ဒုတိယကျောင်းအုပ်ကြီး<br>ထားဝယ်ပညာရေးဒီဂရီကောလိပ် |

ဒေါက်တာ ညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

အမှတ် ၁၈၁။ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မန္တလေးမြို့၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (စီမံ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဦးတင့်လွင် (တဆ-၃၅၂၅) သည် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်)

အမှတ် ၁၈၂။ ဒေါက်တာ နှင်းမြတ်မွန် (ဘ-ဦးသန်းဆွေ) [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- ၈/မသန (နိုင်) ၁၂၀၇၃၇] ၏ အလုပ်ဝင်ရောက်ထမ်းဆောင်လိုပါကြောင်း လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် စက်ပစ္စည်း ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၅) ဆုံးဖြတ်ချက်အရ မကွေးမြို့၊ ခုတင် (၂၀၀) ဆံ့ သင်ကြားရေးဆေးရုံကြီးတွင် ဆရာဝန် (သစ်လွင်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် တာဝန်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်စွဲပါ စာအမှတ်၊ စဆရ/ ကင်းကွာ/ ဆရာဝန်/ ၂၀၂၂ (၂၂၅၀) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာပါ အမှတ်စဉ် (၈) အား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

မှတ်ချက်။ ဆရာဝန် (သစ်လွင်) အဖြစ် ခန့်ထားခြင်းခံရသူသည် အမိန့်ကြော်ငြာစာထွက်ပြီး (၂၁) ရက် အတွင်း သက်ဆိုင်ရာဆေးရုံသို့ သတင်းပို့ရန်နှင့် သက်ဆိုင်ရာဆေးရုံအုပ်ကြီးအနေဖြင့်

ဖော်ပြပါ ဆရာဝန် (သစ်လွင်) အား ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးကျန်းမာပညာ၊ အရိုးရောဂါပညာနှင့် မေ့ဆေးပညာတို့အား မဖြစ်မနေလေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတွင် အလှည့်ကျတာဝန်ချထားဆောင်ရွက်ရန် ဖြစ်သည်။

အမှတ် ၁၈၃။ ဒေါက်တာ သော်မေဇင်ဦး (ဘ–ဦးဆန်းဝင်း) [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် – ၉/ ညဥန (နိုင်) ၂၀၆၃၉၄] ၏ အလုပ်ဝင်ရောက်ထမ်းဆောင်လိုပါကြောင်း လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် စက်ပစ္စည်း ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၅) ဆုံးဖြတ်ချက်အရ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဆရာဝန် (သစ်လွင်)၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) အဖြစ် တာဝန်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်စွဲပါ စာအမှတ်၊ စဆရ/ ကင်းကွာ/ ဆရာဝန်/ ၂၀၂၂ (၂၂၄၉) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာပါ အမှတ်စဉ် (၄) အား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

မှတ်ချက်။ ဆရာဝန် (သစ်လွင်) အဖြစ် ခန့်ထားခြင်းခံရသူသည် အမိန့်ကြော်ငြာစာထွက်ပြီး (၂၁) ရက်အတွင်း သက်ဆိုင်ရာဆေးရုံသို့ သတင်းပို့ရန်နှင့် သက်ဆိုင်ရာဆေးရုံအုပ်ကြီးအနေဖြင့် ဖော်ပြပါ ဆရာဝန် (သစ်လွင်) အား ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးကျန်းမာပညာ၊ အရိုးရောဂါပညာနှင့် မေ့ဆေးပညာတို့အား မဖြစ်မနေလေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတွင် အလှည့်ကျတာဝန်ချထားဆောင်ရွက်ရန် ဖြစ်သည်။

အမှတ် ၁၈၄။ ဒေါက်တာ သူရိန်ကြည်လှိုင် (ဘ–ဦးကြည်လှိုင်) [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်– ၅/ မရန (နိုင်) ၂၅၄၆၆၃] ၏ အလုပ်ဝင်ရောက်ထမ်းဆောင်လိုပါကြောင်း လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် စက်ပစ္စည်း ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၅) ဆုံးဖြတ်ချက်အရ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဆရာဝန် (သစ်လွင်)၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) အဖြစ် တာဝန်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်စွဲပါ စာအမှတ်၊ စဆရ/ ကင်းကွာ/ ဆရာဝန်/ ၂၀၂၂ (၂၂၃၉) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာပါ အမှတ်စဉ် (၈) အား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

မှတ်ချက်။　　ဆရာဝန် (သစ်လွင်) အဖြစ် ခန့်ထားခြင်းခံရသူသည် အမိန့်ကြော်ငြာစာထွက်ပြီး (၂၁) ရက်အတွင်း သက်ဆိုင်ရာဆေးရုံသို့ သတင်းပို့ရန်နှင့် သက်ဆိုင်ရာဆေးရုံအုပ်ကြီးအနေဖြင့် ဖော်ပြပါ ဆရာဝန် (သစ်လွင်) အား ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးကျန်းမာပညာ၊ အရိုးရောဂါပညာနှင့် မေ့ဆေးပညာတို့အား မဖြစ်မနေလေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတွင် အလှည့်ကျတာဝန်ချထားဆောင်ရွက်ရန် ဖြစ်သည်။

အမှတ် ၁၈၅။　　ဒေါက်တာ ကျော်ထွန်းအောင် (ဆမ-၄၈၈၇၂) (ဘ-ဦးအေးထွန်း) [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ၉/ကပတ (နိုင်) ၂၃၁၅၃၃] ၏ အလုပ်ဝင်ရောက်ထမ်းဆောင်လိုပါကြောင်း လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် စက်ပစ္စည်း ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၅) ဆုံးဖြတ်ချက်အရ ကချင်ပြည်နယ်၊ ပူတာအိုမြို့၊ ပြည်သူ့ဆေးရုံတွင် ဆရာဝန် (သစ်လွင်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် တာဝန်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်စွဲပါ စာအမှတ်၊ စဆရ/ ကင်းကွာ/ ဆရာဝန်/ ၂၀၂၂ (၂၂၃၁) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာပါ အမှတ်စဉ် (၁) အား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

မှတ်ချက်။　　ဆရာဝန် (သစ်လွင်) အဖြစ် ခန့်ထားခြင်းခံရသူသည် အမိန့်ကြော်ငြာစာထွက်ပြီး (၂၁) ရက်အတွင်း သက်ဆိုင်ရာဆေးရုံသို့ သတင်းပို့ရန်နှင့် သက်ဆိုင်ရာဆေးရုံအုပ်ကြီးအနေဖြင့် ဖော်ပြပါ ဆရာဝန် (သစ်လွင်) အား ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးကျန်းမာပညာ၊ အရိုးရောဂါပညာနှင့် မေ့ဆေးပညာတို့အား မဖြစ်မနေလေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတွင် အလှည့်ကျတာဝန်ချထားဆောင်ရွက်ရန် ဖြစ်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

## တင်ဒါကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်)

၁။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ **အားကစားနှင့် ကာယပညာဦးစီးဌာန** ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ နိုင်ငံပိုင်မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများထုခွဲရောင်းချခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီသော အဆောက်အဦ၊ စက်ပစ္စည်းများ ရရှိရေးအတွက် (ယခင်) နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တွင်ပါရှိသည့် ''အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများ" နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ညွှန်ကြားထားသည့် ''အစိုးရ၏ ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်အမှတ် ၁/၂၀၂၂" တို့နှင့်အညီ ဆောင်ရွက်နိုင်ရန် **''ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ"၊ ''တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" နှင့် ''အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ"** တို့ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယညွှန်ကြားရေးမှူးချုပ် (၃)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး<br>စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)<br>စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူး<br>အားကစားကွင်း/အားကစားရုံဌာနခွဲ | အဖွဲ့ဝင် |
| (၅) | လက်ထောက်ညွှန်ကြားရေးမှူး<br>အားကစားကွင်း/အားကစားရုံဌာနခွဲ | အဖွဲ့ဝင် |
| (၆) | လက်ထောက်ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)<br>စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ | အဖွဲ့ဝင် |

(၇) ညွှန်ကြားရေးမှူး | အတွင်းရေးမှူး
အားကစားကွင်း/အားကစားရုံဌာနခွဲ

( ခ ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(၁) ဒုတိယအမြဲတမ်းအတွင်းဝန် | ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီးရုံး

(၂) လက်ထောက်အတွင်းဝန် | အဖွဲ့ဝင်
အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ

(၃) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၁)

(၄) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
အားကစားကွင်း/အားကစားရုံဌာနခွဲ

(၅) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
အားကစားဆေးဘက်ဆိုင်ရာဌာနခွဲ

(၆) လက်ထောက်ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) | အဖွဲ့ဝင်
စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ

(၇) လက်ထောက်ညွှန်ကြားရေးမှူး (ဖြည့်/ဝယ်) | အဖွဲ့ဝင်
စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ

(၈) ညွှန်ကြားရေးမှူး | အတွင်းရေးမှူး
စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ

( ဂ ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(၁) ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) | ဥက္ကဋ္ဌ
အားကစားနှင့် ကာယပညာဦးစီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် (၃) | အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန

(၃) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ

(၄) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
အားကစားကွင်း/အားကစားရုံဌာနခွဲ

(၅) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
အားကစားဆေးဘက်ဆိုင်ရာဌာနခွဲ

(၆) လက်ထောက်ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ — အဖွဲ့ဝင်

(၇) လက်ထောက်ညွှန်ကြားရေးမှူး (ဖြည့်/ ဝယ်) စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ — အဖွဲ့ဝင်

(၈) ဒုတိယညွှန်ကြားရေးမှူး အားကစားကွင်း/အားကစားရုံဌာနခွဲ — အတွင်းရေးမှူး

၂။ တင်ဒါကော်မတီများအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ နိုင်ငံပိုင်မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများထုခွဲရောင်းချခြင်းနှင့် ငှားရမ်းခြင်းတင်ဒါများကိုဆောင်ရွက်ရာတွင် (ယခင်) နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ညွှန်ကြားထားသည့် အစိုးရ၏ ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများ ထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့နှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ တင်ဒါကော်မတီ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၂၅ဖြင့် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ထိန်လင်း
ဥက္ကဋ္ဌ
တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၅/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ရေသန့်ဌာနခွဲမှ ကိုယ်ပိုင်အမှတ်၊ ဆ/၂၀၀၄ ညွှန်ကြားရေးမှူး (ရေသန့်) ဒေါ်ခိုင်မာဝင်း အား ၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ ရေသန့်ဌာနခွဲတွင် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (ရေသန့်) ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၆/၂၀၂၅)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ စီမံကိန်းနှင့်သတင်းအချက်အလက်နည်းပညာဌာနခွဲမှ ကိုယ်ပိုင်အမှတ်၊ ဆ/ ၁၃၃၁ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ခင်သင့်ရာမွှေး အား ၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/ ၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ အဆောက်အဦတည်ဆောက်ရေးအဖွဲ့ (၁) တွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၇/၂၀၂၅)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ရေသန့်ဌာနခွဲမှ ကိုယ်ပိုင်အမှတ်၊ ဆ/၂၀၀၃ ဒုတိယညွှန်ကြားရေးမှူး (ရေသန့်) ဒေါ်မေချောစု အား ၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/ ၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ ရေသန့်ဌာနခွဲတွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (ရေသန့်) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄၁/၂၀၂၅)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲမှ ကိုယ်ပိုင်အမှတ်၊ ဆ/ ၃၃၉၄ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သီဂီ အား ၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံးတွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူးရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်)

၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင်ကျင်းပသော ဤရုံး၊ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၅) ဖြင့် အတည်ပြုချက်အရ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူးများအား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်ထားသည့် ရုံး၊ ဌာန |
|---|---|---|---|---|
| ၁။ | ဒေါ်သီတာ | ၅၈၆၁ | ကရင်ပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ၂။ | ဒေါ်အိအိခိုင် | ၁၁၅၀၂ | မွန်ပြည်နယ် | စီမံရေးရာဦးစီးဌာန |

ဒေါက်တာ ခင်နိုင်ဦး

ပြည်ထောင်စုစာရင်းစစ်ချုပ်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၂၅ အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဦးလှအောင် အား ဝန်ထမ်းရေးရာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀) ရာထူးတွင် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ အစမ်းခန့်ထားလိုက်သည်။

အောင်သော်

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက် (၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်)

အမှတ် ၁၀၁/၂၀၂၅။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | | |
|---|---|---|---|---|
| (၁) | ကျော်သူ | ကြည်း | ၈၁၃၈၅ | ၃၁–၁၂–၂၀၂၄ |
| (၂) | မျိုးကျော်ကျော် | ကြည်း | ၈၁၃၈၆ | ၂၅–၁–၂၀၂၅ |

အမှတ် ၁၀၂/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၅/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | | |
|---|---|---|---|---|
| (၁) | မျိုးလွင် | ကြည်း | ၈၁၃၈၇ | ၁-၆-၂၀၂၅ |
| (၂) | ဝင်းနိုင်စိုး | ကြည်း | ၈၁၃၉၀ | ၃-၆-၂၀၂၅ |
| (၃) | ရဲဝင်းထွန်း | ကြည်း | ၈၁၃၉၂ | ၃-၆-၂၀၂၅ |
| (၄) | သက်နိုင် | ကြည်း | ၈၁၃၉၃ | ၃-၆-၂၀၂၅ |
| (၅) | မြင့်ဇော် | ကြည်း | ၈၁၃၉၄ | ၄-၆-၂၀၂၅ |

အမှတ် ၁၀၃/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၆/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | |
|---|---|---|---|
| (၁) | သန်းထူး | ကြည်း | ၈၁၃၈၈ |
| (၂) | ကျော်မိုးနိုင် | ကြည်း | ၈၁၃၈၉ |
| (၃) | ဌေးဝင်း | ကြည်း | ၈၁၃၉၁ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်<br>(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ ကြေညာစာ

ASIA WINE NETWORK (MYANMAR) COMPANY LIMITED

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ နံနက် ၉:၀၀ နာရီအချိန်တွင် အမှတ် (၁၂၉/ဘီ)၊ စက်မှုဇုန် (၈) လမ်း၊ ရွှေပြည်သာမြို့နယ်၊ ၁၁၄၁၁၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်။

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းပြရန်။

ဦးစိုးဝင်း

B.Com (A.A), CPA (RA), (PA–504)

တိုက်အမှတ် (ဖဖ/၇၂)၊ အခန်းအမှတ် (၂၀၄/ ဘီ)၊

ထီးတန်းအိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ ကြေညာစာ

D'SCIENTIA COMPANY LIMITED

ဒီစီအမ်း(န်)ရှာ ကုမ္ပဏီလီမိတက်

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ နံနက် ၉:၀၀ နာရီအချိန်တွင် အမှတ် (၁၂၉/ဘီ)၊ စက်မှုဇုန် (၈) လမ်း၊ ရွှေပြည်သာဇုန် (၁)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်။

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းပြရန်။

ဦးစိုးဝင်း

B.Com (A.A), CPA (RA), (PA–504)

တိုက်အမှတ် (၆၆/၇၂)၊ အခန်းအမှတ် (၂၀၄/ ဘီ)၊

ထီးတန်းအိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး